
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၃၁/၂၀၂၃ )


## (၃၀.၈.၂၀၂၃ မှ ၅.၉.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန်လျာထားဧက (၂.၆၃၂) သန်းအပေါ် ၁၅.၈.၂၀၂၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉%) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၂.၅၉၈) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၉၆.၂၅)တင်းဖြင့် အထွက်တင်း(၂၅၀.၀၇၆)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးရန်လျာထားဧက (၁၄.၉၉)သန်းအပေါ် ၁၅.၈.၂၀၂၃ ရက်နေ့အထိ (၁၂.၉၃၇)သန်း (၈၆.၃၂ %) စိုက်ပျိုးပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၂၅ ဟက်တာသန်း **(ဧက ၄၁၀.၆၄ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၈ မက်တန် **(၂၂၄ .၂၂ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၂၀.၉၄ သန်း **(စပါးတင်း ၂၄၉၅၈.၂၃ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၇၈၀၀၀၀ | ↓ ၁၇၅၀၀၀၀ | မနောသုခ(မိုး) | ၇၀၀၀၀ | ▬ ၇၀၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၆၀၀၀၀ | ▬ ၁၄၆၀၀၀၀ | မနောသုခ(နွေသစ်) | ၆၅၀၀၀ | ▬ ၆၅၀၀၀ |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၈၂၁၀၀၀ | ▬ ၁၈၂၁၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ↑ ၇၃၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၃၈၀၀၀ | ▬ ၁၇၃၈၀၀၀ | ဧည့်မထ(နွေသစ်) | ၆၈၀၀၀ | ▬ ၆၈၀၀၀ |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ▬ ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၇၀၀၀၀ | ▬ ၇၀၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၀၀၀၀၀ | ▬ ၁၆၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၆၀၀၀ | ▬ ၆၆၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ▬ ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ↑ ၆၈၅၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၅၀၀၀၀ | ↑ ၁၅၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၃၀၀၀ | ↑ ၆၄၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၃၀၀၀၀၀ | ▬ ၂၃၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၅၀၀၀ | ▬ ၉၅၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၀၅၀၀၀၀ | ▬ ၂၀၅၀၀၀၀ | ဧည့်မထ(မိုး) | ၈၆၀၀၀ | ▬ ၈၆၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၅၀၀၀၀ | ▬ ၁၄၅၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၆၀၀၀ | ▬ ၆၆၀၀၀ |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရှေမင်း(မိုး) | ၂၇၀၀၀၀၀ | ▬ ၂၇၀၀၀၀၀ | ရှေမင်း(မိုး) | ၁၃၈၀၀၀ | ▬ ၁၃၈၀၀၀ |
| | | | ရွှေဝါထွန်း(နွေသစ်) | ၁၉၀၀၀၀၀ | ▬ ၁၉၀၀၀၀၀ | ရွှေဝါထွန်း(နွေသစ်) | ၈၀၀၀၀ | ▬ ၈၀၀၀၀ |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၀၀၀၀၀ | ▬ ၁၈၀၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၇၅၀၀၀ | ▬ ၇၅၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၁၈၅၀၀၀၀ | ▬ ၁၈၅၀၀၀၀ | ဇီယာ(မိုး) | ၆၉၀၀၀ | ↑ ၇၀၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၃၂၀၀၀၀၀
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ဧည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၆၀၀၀၀
၁၄၀၀၀၀
၁၂၀၀၀၀
၁၀၀၀၀၀
၈၀၀၀၀
၆၀၀၀၀
၄၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၄.၈.၂၃ | ၂၁.၈.၂၃ | ၂၈.၈.၂၃ | ၄.၉.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၆၄ | ၆၂၆ | ၆၂၆ | ↑ ၆၆၂ |
| | | White Rice ၅% | ၆၄၈ | ၆၁၂ | ၆၁၂ | ↑ ၆၄၆ |
| | | White Rice ၂၅% | ၆၁၂ | ၅၈၂ | ၅၈၂ | ↑ ၆၀၇ |
| | | Parboiled Rice ၁၀၀% | ၆၅၁ | ၆၁၅ | ၆၁၅ | ↑ ၆၄၉ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၆၂၂ | ၆၂၇ | ၆၂၇ | ↑ ၆၄၇ |
| | | White Rice ၂၅% | ၆၀၂ | ၆၀၇ | ၆၀၇ | ↑ ၆၃၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | - | - | - | ၆၁၂ |
| | | White Rice ၂၅% | - | - | - | ၅၃၇ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | - | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၅၂၀-၅၂၅ | ၅၂၀-၅၂၅ | ၅၃၀-၅၃၅ | ↑ ၅၈၅-၅၉၅ |
| | | White Rice ၁၀% | ၅၁၀-၅၂၅ | ၅၁၀-၅၂၅ | ၅၂၀-၅၃၀ | ↑ ၅၇၅-၅၈၅ |
| | | White Rice ၁၅% | ၅၀၀-၅၁၀ | ၅၀၀-၅၁၀ | ၅၁၀-၅၂၀ | ↑ ၅၆၅-၅၇၅ |
| | | White Rice ၂၅% | ၄၈၅-၄၉၅ | ၄၈၅-၄၉၅ | ၄၉၅-၅၀၅ | ↑ ၅၄၅-၅၅၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၄.၉.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၃.၁၀၇) သန်းဖြစ်ပါသည်။၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၁.၇၇၆) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၂၅.၈.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၁၆၆၄၄၄)၊ တန်ဘိုး (၈၀.၈၀၁) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၄၇၁၆၉၅)၊ တန်ဘိုး (၁၇၁.၆၆၆) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၃၀၅၂၅၁)၊ တန်ဘိုး (၉၀.၈၆၅) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၅၅၅ USD ဖြစ်သော်လည်း Earning ဈေး ၂၅၁၀ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၆၁ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ခြောက်သွေ့သည့် ရာသီဥတုနှင့် ကြုံတွေ့လာရချိန်တွင် ဆန်စပါးသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသည့်ကုန်စည်တစ်ခု ဖြစ်၍ နိုင်ငံတကာတွင် ဆန်တင်ပို့ရောင်းချမှုကို ဆိုင်းငံ့ထားသဖြင့် ဆန်ရောင်းလိုအားနည်းပြီး ဝယ်လိုအားများသဖြင့် နိုင်ငံအများစုတွင် ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ပြည်တွင်း စပါး၊ ဆန်ဈေးကွက်၌ စပါးလက်ကျန်နည်းလာခြင်း၊ မိုးရာသီတွင် မိုးများရက်ဆက်ရွာသွန်းနေသဖြင့် ဈေး ကွက်ဝင်ရောက်မှုနည်းခြင်း၊ လှောင်လက်ကုန်သည်အချို့မှာ ဈေးကွက်အခြေအနေစောင့်ကြည့်၍ အရောင်းထိန်းနေခြင်း၊ ပြည်တွင်းစားသုံးရန် ဝယ်လိုအားကောင်း နေခြင်းတို့ကြောင့် ပြည်၊ ပုသိမ် နှင့်မော်လမြိုင်တို့တွင် စပါး၊ ဆန်ဈေးနှုန်းများတက်ခဲ့ပါသည်။ ရန်ကုန်(သန်လျင်)တွင် အရောင်း အဝယ်အေးသဖြင့် စပါးဈေးနှုန်းကျ ဆင်းခဲ့ပါသည်။ ကျန်မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိ နေပြီး စပါး၊ ဆန်ဈေးနှုန်းများ တည်ငြိမ်နေကြောင်းသိရှိရပါသည်။